**အခွန်ဌာနမှထုတ်ပြန်သော လမ်းညွှန်ချက်** ဂျပန်တွင်နေထိုင်သူများအားလုံးသို့

၁။ နေထိုင်ခွန်ဆိုသည်မှာ

ဂျပန်တွင်နေထိုင်ပြီး ရရှိသောဝင်ငွေမှာ ပုံသေသတ်မှတ်ထားသောငွေပမာဏအထက်ရရှိနေလျှင် ဂျပန်နိုင်ငံကို ပေးဆောင်ရမည့်ဝင်ငွေခွန်နှင့်အတူ၊ လက်ရှိနေထိုင်လျက်ရှိသော ဒေသဆိုင်ရာအစိုးရဌာနတွင် နေထိုင်ခွန် (တိုကျို ၂၃ ရပ်ကွက်တွင်နေထိုင်ပါက အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်) များကိုပေးဆောင်ရမည်ဖြစ်ပါသည်။

၂။ တိုရှိမရပ်ကွက် အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်ပေးဆောင်ရမည့်သူ (အခွန်ပေးဆောင်ရန် တာဝန်ရှိသူ)

တိုရှိမရပ်ကွက်တွင် အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်ပေးဆောင်ရမည့်သူသည် ထိုနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့တွင် တိုရှိမရပ်ကွက်၌နေထိုင်ခဲ့သောသူဖြစ်သည်၊ အခွန်ပေးဆောင်ပြီးနှစ်အတောအတွင်း တိုရှိမရပ်ကွက်မှ ပြောင်းရွှေ့နေထိုင်ခဲ့လျှင်သော်လည်းကောင်း၊ ထိုသို့မဟုတ်ဘဲ ဂျပန်နိုင်ငံမှ အခြားနိုင်ငံသို့ ထွက်ခွာ နေထိုင်ခဲ့သောအခြေအနေတွင်သော်လည်းကောင်း တစ်နှစ်စာ အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်ကို ပေးဆောင်ရန်လိုအပ်ပါသည်၊ ဂျပန်နိုင်ငံအတွင်း၌ နေရပ်လိပ်စာမတည်ရှိတော့သည့် သူများလည်း အခွန်ပေးဆောင်ခြင်းတာဝန်ကို ကျေပွန်ရန်အတွက် အခွန်ပေးဆောင်ရန်ဌာနမှ စီမံကြီးကြပ်သူထံသို့ သတ်မှတ်ထားသော လျှောက်လွှာတင်သွင်းခြင်းများပြုလုပ်ရန်နှင့် အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။

၃။ မြို့နေထိုင်ခွန်၊ ရပ်ကွက်နေထိုင်ခွန်တွက်ချက်ခြင်းနှင့် အခွန်ပေးဆောင်ရန်နည်းလမ်း

အခွန်ပေးဆောင်ရမည့် ငွေပမာဏသည် ယခင်နှစ်၏ ဝင်ငွေပေါ်တွင်အခြေခံပြီး သတ်မှတ်ခြင်းဖြစ်ပါသည်။ အခွန်ပေးဆောင်ခဲ့ရသည့် အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန် ပေးဆောင်ရမည့် နည်းလမ်းတွင်မှ ရိုးရိုးအခွန်စည်းကြပ်ခြင်းနှင့် အထူးအခွန်စည်းကြပ်ခြင်းဟူ၍ရှိပါသည်၊ ရိုးရိုးအခွန် စည်းကြပ်ခြင်းဆိုသည်မှာ အခွန်ဆောင်ရမည့်သူကိုယ်တိုင် အခွန်ပေးဆောင်သည့်နည်းလမ်းဖြစ်ပြီး၊ တစ်နှစ်လျှင် ၄ ကြိမ် (ဥပဒေအရသတ်မှတ်ထားသည့်အခွန်ပေးဆောင်ရန် ကာလများမှာ ဇွန်လအကုန်၊ ဩဂုတ်လအကုန်၊ အောက်တိုဘာလအကုန်၊ လာမည့်နှစ်၏ ဇန်နဝါရီလအကုန်ဖြစ်ပြီး၊ ပေးဆောင်ရမည့်ရက်မှာ စနေ၊ တနင်္ဂနွေ၊ အမျိုးသားပိတ်ရက်များဖြစ်ပါက နောင်လာမည့်ရုံးဖွင့်ရက်) အခွန်ပေးဆောင်လွှာနှင့် ဘဏ်အကောင့်မှငွေလွှဲခြင်းဖြင့် အခွန်ပေးဆောင်ရသည့်နည်းလမ်းဖြစ်သည်။ အခွန်ပေးဆောင်လွှာ၏နောက်ကျောဘက်တွင်ရေးဖြည့်ထားသော ဘဏ္ဍာရေးအဖွဲ့အစည်းများ (ဘဏ်များ) နှင့် Convenience Store များတွင်လည်း အခွန်ပေးဆောင်နိုင်ပါသည်။ (ခြွင်းချက်အနေဖြင့် ငွေတန်ဖိုး ယန်း ၃ သိန်း အောက် အခွန်ပေးဆောင်လွှာကိုသာ ပေးဆောင်နိုင်သည်။)

တစ်ခြားနည်းလမ်းတစ်ခုဖြစ်သည့် အထူးအခွန်စည်းကြပ်ခြင်းဆိုသည်မှာ လစာမှ တိုက်ရိုက်ဖြတ်တောက် နုတ်ယူသည့်နည်းလမ်းဖြစ်ပြီး ထိုနှစ်၏ ဇွန်လမှ လာမည့်နှစ်၏ မေလအထိ လစဉ်လတိုင်း လစာမှ ဖြတ်တောက် နုတ်ယူခြင်းဖြစ်သည်။

၄။ အခွန်ပေးဆောင်သည့်ထောက်ခံချက်၊ အခွန်ကောက်ခံခြင်း (အခွန်ကောက်ခံမှုမရှိခြင်း) ထောက်ခံချက်

အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်များ ပေးဆောင်သည့်ထောက်ခံချက်သည် ဝင်ငွေပမာဏ၊ အခွန်ငွေပမာဏ၊ ပေးဆောင်ရသည့်အခွန်ငွေပမာဏတို့ကို ဘဏ္ဍာရေးနှစ်တိုင်းတွင် ထောက်ခံချက်ပေးပါသည် (အခကြေးငွေဖြင့်) ။ သို့ရာတွင် အခွန်ကောက်ခံမှုမရှိလျှင် အခွန်ပေးဆောင်သည့်ထောက်ခံချက်ကို ထုတ်ပေးခြင်း မရှိပါ။ အခွန်ကောက်ခံခြင်း (အခွန်ကောက်ခံမှုမရှိခြင်း) ထောက်ခံချက်သည် ဝင်ငွေပမာဏ၊ အခွန်ငွေပမာဏကို ဘဏ္ဍာရေး နှစ်တိုင်းတွင် ထောက်ခံချက်ထုတ်ပေးပါသည် (အခကြေးငွေဖြင့်) ။ အခွန်ပေးဆောင်သည့်ထောက်ခံချက်သည် ဗီဇာ သက်တမ်းတိုးခြင်း စသည့်ကိစ္စရပ်များတွင် လိုအပ်မည်ဖြစ်ပါသည်။

၅။ အခွန်ပေးဆောင်ခြင်းမရှိသည့်အခြေအနေ (ပြစ်ဒဏ်ပေးခြင်း)

ဥပဒေအရသတ်မှတ်ထားသည့် အခွန်ပေးဆောင်ရမည့်ကာလအပိုင်းအခြားအတွင်းတွင် အခွန်ပေးဆောင်ခြင်း မရှိလျှင် သတ်မှတ်ထားသော အခွန်ပေးဆောင်ရန်နောက်ဆုံးရက်၏နောက်တစ်နေ့မှ အခွန်ပေးဆောင်ပြီးဆုံးသည့် နေ့အထိ အခွန်ဆောင်နောက်ကျကြေးပေးဆောင်ရမည်ဖြစ်ပါသည်။ ထို့အပြင် အခွန်ငွေတောင်းခံလွှာနှင့် သတိပေးအကြောင်းကြားစာ ပေးပို့ပေးမည်ဖြစ်ပြီး ထိုစာလွှာများကို လက်ခံရရှိသော်လည်း အခွန်ပေးဆောင်ခြင်း မရှိပါက အလုပ်လုပ်ကိုင်သော နေရာဌာနသို့လာရောက်၍ ပိုင်ဆိုင်မှုငွေစာရင်း၊ ဥစ္စာပစ္စည်းစသည်တို့ကို စစ်ဆေးပြီးနောက် လစာနှင့် ဘဏ်အပ်ငွေစသည်တို့ ချိတ်ပိတ်သိမ်းယူခြင်းခံရပါမည်။

၆။ အခွန်ပေးဆောင်ရန်အခက်အခဲကြုံတွေ့နေရသောအခြေအနေ

နေထိုင်စားသောက်မှုဘဝတွင် ဒုက္ခအခက်အခဲကြုံတွေ့နေရသောအခြေအနေ စသဖြင့် အခွန်ပေးဆောင်ရန် အခက်အခဲ ကြုံတွေ့နေရပါက အခွန်ငွေညှိနှိုင်းမှုဌာနမှ အုပ်စု (၁)၊ အုပ်စု (၂) တို့နှင့် ဆွေးနွေးညှိနှိုင်းပါ။


(ဆက်သွယ်မေးမြန်းရန်လိပ်စာ) အခွန်ဌာန အခွန်ကောက်ခံခြင်းနှင့်ဆိုင်ရာအကြောင်းအရာ…၀၃-၄၅၆၆-၂၃၅၄ ၂၃၅၅

ထောက်ခံချက်နှင့်ပတ်သက်သည့်အကြောင်းအရာ…၀၃-၄၅၆၆-၂၃၅၂

အခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်သည့်အကြောင်းအရာ…၀၃-၄၅၆၆-၂၃၆၂